ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ကြေမြေပုံ ရေးဆွဲခြင်းနှင့် ဆန်းစစ်ခြင်း

ကျေးရွာအမည် = ကောကြား    ကျေးရွာအုပ်စု = ကြက်တူရွေး    ရက်စွဲ 21.6.2019

ပါဝင်ဆွေးနွေးသူဦးရေ ကျား (၇) ဦး + မ (၁၀) ဦး

* ကောကြားကျေးရွာသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။
* အိမ်ခြေပေါင်း (၅၄) ခုဖြင့် ဖွဲ့စည်းထားပါသည်။ တစ်ရွာလုံး ကရင် (ပိုး) လူမျိုးများသာ ဖြစ်ပါသည်။ လူမျိုးရေး မရှိပါ။
* တစ်ရွာလုံး နီးပါး လယ်လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။
* လမ်းမကြီးတွင် ရှိနေသော်လည်း ရွာတွင်းလမ်းမှာ မိုးရာသီတွင် ရွှံ့ထူမှုကြောင့် သွားလာရ ခက်ခဲလွန်းလှပါသည်။
* မိုးရာသီတွင် ရေလုံလောက်မှု ရှိသော်လည်း နွေရာသီတွင်မူ တစ်ရွာလုံး ရေလုံလောက်မှု မရှိပါ။
* ကျေးလက်ဆေးပေးခန်းနှင့် နီးသောကြောင့် ကျန်းမာရေး အခက်အခဲ မရှိပါ။
* ချောင်းဖြတ်တံတား မရှိသဖြင့် ဥဒကာ သွားလာခြင်း၊ ကျောင်းသား/သူများ စာမေးပွဲရန် အခက်အခဲရှိခြင်း။

## ကျေးရွာအတွင်းတွင်ရှိသော အရင်းအမြစ်များအား သုံးစွဲမှုနှင့်ထိန်းချုပ်မှု

### အခြေအနေပြဇယား ဆန်းစစ်သုံးသပ်ချက်များ

ကျေးရွာအမည် - ကော့ကြား　　ကျေးရွာအုပ်စု - ကြက်တူရွေး [illegible]　　21.6.2019

- ရွာတွင်း အမျိုးသမီးများ သီးသန့်သုံးစွဲသော / ထိန်းချုပ်သော အရင်းအမြစ်မရှိပါ။
- ရွာတွင်း အမျိုးသားများ သီးသန့်သုံးစွဲသော / ထိန်းချုပ်သော အရင်းအမြစ်မရှိပါ။
- သစ်ပင်၊ လယ်၊ လမ်း၊ တံတား၊ ရေတွင်း၊ ဆိပ်ကမ်း၊ စာသင်ကျောင်း စသည်တို့သည် အမျိုးသားနှင့် အမျိုးသမီး အတူတကွ သုံးစွဲပြီး အတူတကွ ထိန်းချုပ်ကြပါသည်။
- အမျိုးသမီးများ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများနှင့် တန်းတူ ဆွေးနွေးကြပြီး ဆုံးဖြတ်ချက် တူတူချကြသည်။

အစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် ကော့ကြား

အချိန်/နေ့ရက်- 21-6-2019

ကျေးရွာအုပ်စုအမည်- ကြက်ဝဥရွာ

နေရာ - ဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်ရခြင်းအကြောင်းအရာ ပထမ + ဒုတိယအကြိမ် အစည်းအဝေး

ဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်

ပထမဆုံး ရွာအစည်းအဝေး တက်ရောက်သူစာရင်း PC-11 ကိုကောက်ယူခဲ့ပါ
သည်။ ထို့နောက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့် အဖွင့်အမှာစကား ပြောကြားပြီး
ကျေးရွာ ဖွံ့ဖြိုးရေး၊ လူထုပူးပေါင်းပါဝင်ရေး အစည်းအဝေး ပြီးမြောက်အောင် တက်ကြွစွာ
ပါဝင်နိုင်ရန်နှင့် တက်ကြွစွာ ပါဝင်ဆွေးနွေးရန် ပြောကြားခဲ့သည်။ ထို့နောက် လူထုစည်းရုံး
ရေးမှူးမှ အောင်မြင်သည့် အစီအစဉ်များကို ကျေးရွာလူထုအား ရှင်းပြပြီး အစည်း
အဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းပြခဲ့ပါသည်။ စီမံကိန်း (၁၅) ချက်ကို
လူထုစည်းရုံးရေးမှူးမှ ကျေးရွာလူထုအား ပြန်လည်တင်ပြပြီး စီမံကိန်း ဆက်စပ်
အကြောင်းကိုပါ ပြန်လည်ပြောပြခဲ့ပါသည်။ ထို့နောက် ပထမအစည်းအဝေး တွင်ရွေး
ချယ်ထားသော ကော်မတီဝင်များကို ပြန်လည်အတည်ပြုခဲ့ပါသည်။ ယခင်နှစ်တွင်
ဆွေးနွေးပြီးသား ဖြစ်သော PRA tools (၆) ခု အကြောင်းကို ယခုနှစ်တွင် ကျေး
ရွာလူထုကို ပြန်လည်သုံးသပ်စေပါသည်။ ဆက်လက်ပြီး လူထုစည်းရုံးရေး
မှူးနှင့် ကော်မတီနည်းပညာမှူး တို့က ပထမအစည်းအဝေးတွင် ဆွေးနွေးအတည်
ပြုခဲ့ပြီးဖြစ်သော ကျေးရွာ၏ အခက်အခဲ ပြဿနာ မှတ်ချက်နှင့် လုပ်ငန်းစဉ်များကို
ကျေးရွာလူထုအား ပြန်လည်သုံးသပ် ဆွေးနွေးစေသည်။ ထို့နောက် ကျေးရွာလူ

ထို့ကသုံးသပ်ဆွေးနွေးပြီး အခက်အခဲဖြေရှင်းရန်ချက်နှင့် ဦးစားပေးလုပ်ငန်းများကို အတည်ပြုကြသည်။

ထို့နောက်တွင် လူထုစည်းရုံးရေးမှူးက ဦးစားပေးလုပ်ငန်းများ အဆင့်ပြောင်းလဲမှု ရှိ/မရှိ မေးမြန်းခဲ့သည်။ ကျေးရွာလူထုကလည်း ဦးစားပေးလုပ်ငန်းအဆင့်ကို ပြန်လည်ရွေးချယ်ပေးခဲ့ကြသည်။ ထို့နောက် ဦးစားပေးလုပ်ငန်းခွဲအဆင့်များကို အဆိုပြုစာနှင့်ဖြစ်နိုင်သော ရွေးချယ်ပြီး ကျေးရွာလူထုကသဘောတူ အတည်ပြုရွေးချယ်သတ်မှတ်လိုက်သည်။ ဆက်လက်ပြီး လက်တွေ့ကျင့်ပညာမှူးမှ ကျေးရွာလူထု ရွေးချယ်ထားသောလုပ်ငန်းခွဲများကို အကျုံးဝင်/မဝင်ကြောင်း ပြန်လည်ရှင်းပြခဲ့ပြီး အကြောင်းအကျိုးအကြောင်းကိုလည်း ပြောကြားခဲ့သည်။ ထို့နောက် လူထုစည်းရုံးရေးမှူးနှင့် လက်တွေ့ကျင့်ပညာမှူးတို့က ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့အား ပြန်လည်အတည်ပြုရန် ကော်မတီဝင်များအား ၎င်းတို့၏ သဘောထားကို မေးမြန်းခဲ့ပြီး ကျေးရွာလူထုက သဘောတူပါက ဆက်လုပ်ရန် အဆင်ပြေသည်ဟု ပြောခဲ့သည်။ ဆက်လက်ပြီး ကော်မတီဝင်များအား ၎င်းတို့၏ တာဝန်ဝတ္တရားနှင့် စောင့်ရှောက်ရမည့်အချက်များအကြောင်းကို ထပ်မံရှင်းပြခဲ့သည်။

နောက်ဆုံးတွင် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်က မှန်ကန်စွာ ပွဲပေါင်းပါဝင်မှုအား ကောင်းကောင်း ပါဝင်ကြရန်နှင့် အရေးပါပုံကို ရှင်းပြပြီး တက်ရောက်ကြသော အစည်းအဝေး ပြီးမြောက်သည့် ပါဝင်ဆွေးနွေးခဲ့ကြသည်။ အထွက်ကျေးရွာတင်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက်တွင် လူထုစည်းရုံးရေးမှူးမှ အစည်းအဝေး ပြီးမြောက်ကြောင်း ကြေငြာကာ နှုတ်ဆက်လိုက်သည်။

မှတ်တမ်းပြုစုသူ - အမည် - [illegible] လက်မှတ်- [illegible] နေ့ရက်-21.6.2019

အတည်ပြုသူ - အမည် -ဦးအောင်နိုင် လက်မှတ်- [illegible] နေ့ရက်-21.6.2019

